**ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး**
**ဗဟိုဌာနချုပ်**
**ကော်သူးလေ**
www.knuhq.org

နေ့စွဲ။ ။ ဖွန်လ (၁၀ ) ရက်၊ ၂၀၁၇ ခုနှစ်

# သတင်းထုတ်ပြန်ချက် အမှတ် (၃/၂၀၁၇)

၁။ ၂၀၁၇ ခုနှစ်၊ မေလ ၂၄ မှ ၂၉ ရက်နေ့အထိ မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန -၂ (MICC-2) နေပြည်တော်တွင် ကျင်းပပြုလုပ်ခဲ့သော ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ - ၂၁ ရာစုပင်လုံ (ဒုတိယအစည်းအဝေး)သို့ တက်ရောက်ခဲ့သော ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး ကိုယ်စားလှယ်အဖွဲ့တို့သည် ကရင့်လူမှုအဖွဲ့အစည်းများနှင့် အသင်းအဖွဲ့များအကြား တွေ့ဆုံ ဆွေးနွေးရှင်းလင်းပွဲတရပ်ကို လေးဝါးစခန်း၌ ဖွန်လ (၉-၁၀) ရက်နေ့တို့တွင် ကျင်းပပြုလုပ်ပြီးစီးခဲ့ပါသည်။

၂။ အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ ဖိတ်ကြားထားသည့် ကရင်လူမှုအဖွဲ့အစည်းများထဲမှ (၂၂) ဖွဲ့တို့ တက်ရောက်ခဲ့ကြပြီး ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ - ၂၁ရာစု(ဒုတိယအစည်းအဝေး) တွင် ဆွေးနွေးခဲ့ကြသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ မြေယာနှင့် သဘာဝပါတ်ဝန်းကျင်ကဏ္ဍ ၊ လုံခြုံရေးကဏ္ဍ စသော ကဏ္ဍ(၅)ရပ် နှင့်ပါတ်သက်၍ ဆွေးနွေးခဲ့ရမှုအခြေအနေနှင့် အခင်းအကျင်း၊ သဘောတူ ရရှိထားသော အချက်အလက်များနှင့် မိမိတို့မျှော်မှန်းထားသည့် ဖက်ဒရယ်ပြည်ထောင်စုဆိုင်ရာ နိုင်းယှဉ်ချက်၊ ဆက်လက်ဆွေးနွေးရန်လိုအပ်သည့် အချက်အလက်များတို့နှင့် ပါတ်သက်ပြီး အားနည်းချက်၊ အားသာချက်၊ လိုအပ်ချက်တို့ကို အပြန်အလှန် ဆွေးနွေး တင်ပြခဲ့ကြသည်။

၃။ ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး ကိုယ်စားလှယ်အဖွဲ့တို့၏ ဆွေးနွေးတင်ပြရှင်းလင်းမှုအပေါ် တက်ရောက်လာသော ကရင်အမျိုးသားအဖွဲ့အစည်းအသီးသီးမှ ၎င်းတို့၏ အမြင်သဘောထားများ၊ စိုးရိမ်ပူပန်မှုများ၊ ရှေ့ဆက်နိုင်ငံရေးဆွေးနွေးပွဲများတို့အတွက် ကြိုတင်ပြင်ဆင်လုပ်ဆောင်သင့်သော အချက်များ၊ အကြံပြုချက်များတို့ကို ခေါင်းဆောင် ကိုယ်စားလှယ် တဦးချင်းမှသော်လည်းကောင်း၊ အဖွဲ့အစည်း တဖွဲ့ချင်းဆီဖြင့် သော်လည်းကောင်း ဆွေးနွေးခဲ့ ကြသည်။

၄။ ယခုတွေ့ဆုံပွဲတွင် ကရင်လူမှုအဖွဲ့အစည်းများတို့သည်လည်း သက်ဆိုင်ရာ မိမိအဖွဲ့အစည်းတဖွဲ့ချင်းဆီတို့၏ ဖွဲ့စည်းမှုပုံသဏ္ဍာန်၊ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်တို့ကို အသိပေးရှင်းလင်း တင်ပြသွားသည့်အတွက် ကရင်အဖွဲ့အစည်း အချင်းချင်းအကြား ပိုမိုသိရှိနားလည်လာစေပြီး ရှေ့ဆက် ကရင်အမျိုးသားရေးကို ဟန်ချက်ညီ ချိပ်ဆက်လုပ်ဆောင်သွားနိုင်ရေးအတွက် လမ်းကြောင်းများကို ရှာဖွေတွေ့ရှိခဲ့ပါသည်။

၅။ KNU - ကရင်အမျိုးသားအစည်းအရုံးအနေဖြင့် အနာဂတ်အတွက် ကောင်းမွန်၍ အဓိပ္ပါယ်ပြည့်ဝသော နိုင်ငံရေး ဆွေးနွေးပွဲများ ဆက်လက်ဖြစ်ပေါ်စေပြီး စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးတွင် ကရင်အမျိုးသားပြည်သူတစ်ရပ်လုံး နှင့်အတူ လက်တွဲလျက် မိမိတို့လိုလားသည့် နိုင်ငံရေးရည်မှန်းချက် အောင်မြင်သည်အထိ စုစုစည်းစည်းဖြင့် ဆွေးနွေး ညှိနှိုင်း တိုင်ပင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သတင်းထုတ် ပြန်အပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး


ဆက်သွယ်ရန်- (၁) ပဒိုစောကွယ်ထူးဝင်း (+၆၆) ၈၁ ၈၀၇ ၆၂၇၉ , (+၉၅) ၇၃၂၅၉၄၆၆
(၂) ပဒိုစောတာဒိုမူး (+ ၆၆) ၆၀၅၀၄၉ ၁၁၃, (+၉၅) ၉၇၉၅၈၈၇၀၅၅
(၃) ပဒိုစောလှထွန်း (+ ၆၆) ၉၄၀၃၅၁၈၈၀, (+၉၅) ၉၇၆၉၂၃၇၃၈၇